လူတစ်ဦးသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ထံသို့ ရောက်ရှိလာပြီး အကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုခဲ့သည်။ ထို့နောက် ထိုသူက (مَا شَاءَ اللهُ وَشِئْتَ) “အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသည့်အတိုင်းနှင့် အသင် (တမန်တော်) အလိုရှိတော်မူသည့်အတိုင်းသာ (ဖြစ်ခဲ့သည်)” ဟု ပြောဆိုလိုက်သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က “သင်သည် ငါကိုယ်တော်အား အလ္လာဟ်အရှင်မြတ်နှင့် တန်းတူအဖြစ် ပြုလုပ်လိုက်လေသလော။ ‘အလ္လာဟ်အရှင်မြတ်တစ်ဆူတည်း အလိုရှိတော်မူသည့်အတိုင်းသာ (ဖြစ်ခဲ့သည်)’ ဟု ပြောဆိုလော့ ” ဟု မိန့်ကြားတော်မူခဲ့သည်။

အိဗ်နုအဗ္ဗာစ် (ရသ္ဒိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ လူတစ်ဦးသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ထံသို့ ရောက်ရှိလာပြီး အကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုခဲ့သည်။ ထို့နောက် ထိုသူက (مَا شَاءَ اللهُ وَشِئْتَ) “အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသည့်အတိုင်းနှင့် အသင် (တမန်တော်) အလိုရှိတော်မူသည့်အတိုင်းသာ (ဖြစ်ခဲ့သည်)” ဟု ပြောဆိုလိုက်သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က “သင်သည် ငါကိုယ်တော်အား အလ္လာဟ်အရှင်မြတ်နှင့် တန်းတူအဖြစ် ပြုလုပ်လိုက်လေသလော။ ‘အလ္လာဟ်အရှင်မြတ်တစ်ဆူတည်း အလိုရှိတော်မူသည့်အတိုင်းသာ (ဖြစ်ခဲ့သည်)’ ဟု ပြောဆိုလော့ ” ဟု မိန့်ကြားတော်မူခဲ့သည်။

[إسناده حسن] [رواه ابن ماجه والنسائي في الكبرى وأحمد]

လူတစ်ဦးသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ထံသို့ ရောက်ရှိလာပြီး ကိုယ်တော့်အား အကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုခဲ့သည်။ ထို့နောက် ထိုသူက (مَا شَاءَ اللهُ وَشِئْتَ) “အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသည့်အတိုင်းနှင့် အသင် (တမန်တော်) အလိုရှိတော်မူသည့်အတိုင်းသာ (ဖြစ်ခဲ့သည်)” ဟု ပြောဆိုလိုက်သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က သူ၏ ဤစကားကို ကန့်ကွက်တော်မူပြီး၊ အလ္လာဟ်အရှင်မြတ်၏ အလိုတော်ကို လူသား၏ အလိုတော်နှင့် တွဲဖက်ပေးသော " နှင့် "ဟူသော စကာလုံးသုံးခြင်းသည် ရှိရ်က်အတ်စ်ဂရ် (အသေးစား ယှဉ်တွဲကိုးကွယ်မှု)ဖြစ်ပြီး မွတ်စ်လင်မ်တစ်ဦးအနေဖြင့် ဤကဲ့သို့သော စကားမျိုး ပြောဆိုခွင့်မရှိကြောင်း မိန့်ကြားတော်မူခဲ့သည်။ ထို့နောက် မှန်ကန်သည့်ပြောဆိုမှု ပုံစံကို

လမ်းညွှန်ပြသတော်မူခဲ့သည် ယင်းမှာ "مَا شَاءَ اَللَّه وَحْدَهُ" (အလ္လာဟ်အရှင်မြတ်တစ်ဆူတည်း အလိုရှိတော်မူသည့်အတိုင်းသာဖြစ်ခဲ့သည်) ဟူ၍ ဖြစ်သည်။ ဤသို့ဖြင့် သူသည် အလ္လာဟ်အရှင်မြတ်ကို အရှင်မြတ်၏အလိုတော် (မရှီအဟ်) တွင် တစ်ဆူတည်းသာထား၍ မည်သည့် ဆက်စပ်ခြင်း အမျိုးအစားဖြင့်မျှ မည်သူတစ်ဦးတစ်ယောက်၏ အလိုတော်ကိုမှ ဆက်စပ်ခြင်း မပြုရပါ။

http://www.sunnah.global/hadeeth/my/show/5928